006219

# GGI Nippon Life Insurance နှင့် MPT တို့ ပူးပေါင်းလုပ်ဆောင်သည့် မြန်မာနိုင်ငံ၏ ပထမဆုံးဒစ်ဂျစ်တယ် အာမခံဝန်ဆောင်မှု ‘MPT U-Life Digital Insurance’

ရန်ကုန်၊ အောက်တိုဘာ(၁၉) ၊၂၀၂၀။ ။မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်တွင် ဂုဏ်သိက္ခာအရှိဆုံး အသက်အာမခံ ကုမ္ပဏီ ဖြစ်သည့် GGI Nippon Life Insurance ကုမ္ပဏီနှင့် မြန်မာနိုင်ငံ၏ အကြီးဆုံး ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်း ဖြစ်သည့် MPT တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံးဒစ်ဂျစ်တယ် ကျန်းမာရေးအာမခံ ‘MPT U-Life Digital Insurance’ ကို ဝန်ဆောင်မှုပေးသွားမည် ဖြစ်ပါသည်။

GGI Nippon Life နှင့် MPT တို့ ပူးပေါင်းသည့် MPT U-Life Digital Insurance ဝန်ဆောင်မှုသည် မြန်မာနိုင်ငံသူ/နိုင်ငံသားများ၏ ကျန်းမာရေးအတွက် တဖက်တလှမ်းမှ အကူအညီပေးနိုင်ရန်ရည်ရွယ် ထားပါ သည်။ GGI Nippon Life နှင့် MPT တို့ ပူးပေါင်းဆောင်ရွက်သည့် အဆိုပါ ကျန်းမာရေးအာမခံကို ‘Zi Wa Ka (ဇီဝက)’ ဟု အမည် ပေးထားကာ MPT ဆင်းမ်ကတ် သုံးစွဲသူ ၂၆ သန်းလုံး ဤအာမခံဝန်ဆောင်မှုကို ရယူနိုင်မည် ဖြစ်ပါသည်။

GGI Nippon Life ၏ ‘ဇီဝက’ ကျန်းမာရေး အာမခံဝန်ဆောင်မှုကို MPT4U ဆော့ဖ်ဝဲ၊ MPT Website နှင့် SMS တို့မှ တစ်ဆင့် ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ မိမိချစ်ခင်ရသူများအတွက်သော်လည်းကောင်း ကျန်းမာရေး အာမခံထားရှိနိုင်မည် ဖြစ်ပါသည်။ ယခုကဲ့သို့ COVID-19 ကာလတွင် ကျန်းမာရေးဆိုင်ရာ အာမခံချက်ရှိရေးသည် အလွန်ပင် အရေးကြီးလှပါသည်။ ကျွန်ုပ်တို့ အနေဖြင့် လွယ်ကူရိုးရှင်းသော ဆောင်ရွက်ချက်များဖြင့် အပြင်ထွက်ရန်မလိုပဲ အွန်လိုင်းမှတဆင့် ဝယ်ယူရရှိနိုင်သည့် ဒစ်ဂျစ်တယ် ကျန်းမာရေးအာမခံဝန်ဆောင်မှုကို MPT နှင့် ပူးပေါင်း၍ ယခုလို စတင်နိုင် သည့်အတွက် များစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

အသက်အာမခံထားရှိတဲ့ အလေ့အထဟာ မြန်မာနိုင်ငံသူ/နိုင်ငံသားတို့အတွက် အသစ်အဆန်းဖြစ်နေသေးပါသည်။ ကျွန်ုပ်တို့အနေနှင့် အသက်အာမခံထားရှိခြင်းကြောင့်ရရှိလာမည့် အခွင့်အရေး၊ အကျိုးခံစားခွင့်တွေများ နှင့် သက်သာခွင့်တွေကို ပိုမိုသိရှိလာနိုင်စေမယ့် နည်းလမ်းတွေကို အမြဲ ကြိုးစားဆောင်ရွက်နေပါသည်။ GGI Nippon Life မှ အသက်အာမခံ ဝန်ဆောင်မှုအစီအစဉ်တွင်လွယ်ကူအဆင်ပြေစွာငွေပေးချေနိုင်ရေးအတွက်အွန်လိုင်းငွေပေးချေစနစ် နှင့်ဝယ်ယူစာရင်းသွင်း သွင်းခြင်း စနစ်ကို ယခုနှစ် မေလပိုင်းမှ စတင်ကာ မိတ်ဆက် ဆောင်ရွက်ခဲ့ပါသည်။ ယခုထပ်မံ၍ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း MPT နှင့် ပူးပေါင်း၍ ကျွန်ုပ်တို့၏ ကျန်းမာရေး အာမခံ ဝန်ဆောင်မှုကို နယ်မြို့ များရှိ ပြည်သူများအနေဖြင့် လွယ်ကူစွာ ဝယ်ယူအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေနှင့် ပြည်သူ လူထု အထောက်အပံ့ ဖြစ်စေရေး အစွမ်းကုန် ဆောင်ရွက်သွားဖို့ အမြဲအသင့်ရှိပါသည်။

‘Zi Wa Ka’(ဇီဝက) ကျန်းမာရေးအာမခံကို အောက်တိုဘာလ ၁၉ ရက်နေ့မှ စတင်၍ ဝယ်ယူနိုင်မည် ဖြစ်ပြီး ဆေးရုံတက်ကုသရသည့် ဖျားနာမှုများ နှင့် COVID-19 ကြောင့် အသက်ဆုံးရှုံးမှုများ အတွက် အာမခံဝန်ဆောင်မှု ရရှိနိုင်မည် ဖြစ်သည်။ ထို့ပြင် အောက်တိုဘာလ ၁၉ ရက်နေ့မှ ၂၀၂၀ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဇီဝက အာမခံဝယ်ယူထားသူများအား COVID – 19 ကူးစက်ခံရပါက ငွေကျပ် နှစ်သိန်းကို အပိုထပ်ဆောင်းငွေအဖြစ် ပေးသွားမည်ဖြစ်ပါသည်။ ‘Zi Wa Ka’(ဇီဝက) အာမခံဝန်ဆောင်မှုကို အသက် ၆ နှစ်မှ အသက် ၇၅ နှစ် အတွင်းရှိ MPT သုံးစွဲသူများ ဝယ်ယူရရှိနိုင်မည်ဖြစ်သဖြင့် အသက် ၆ နှစ်မှ ၁၈ နှစ်ကြား ကလေးများအတွက် မိဘ သို့မဟုတ် အုပ်ထိန်းသူမှ တစ်ဆင့် လျှောက်ထားဝယ်ယူနိုင်မည်ဖြစ်သည်။ ‘MPT U-Life Digital Insurance’ အာမခံ ဝန်ဆောင်မှုကို အောက်တိုဘာ ၁၉ ရက်နှင့် နိုဝင်ဘာ ၁၈ ရက်ကြားဝယ်ယူသူများအတွက် ဆုလက်ဆောင်ပြန်ပေးမည့် အစီအစဉ်များလည်း ရှိသည်။

ကျွန်ုပ်တို့၏ အာမခံဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို GGI Nippon Life ၏ Hotline ဖုန်းနံပါတ် - ၀၉-၄၀၀၀ ၈၃၀၀ ၃~၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် https://www.gginipponlife.com (သို့) https://www.facebook.com/gginl သို့ ဝင်ရောက်လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအကြောင်း**

MPT သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးနှင့် ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်ပြီး၊ နှစ်ပေါင်း ၁၃၀ ကျော် ကြာအောင် ဆက်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုတွင် ရှေ့ဆောင်လာခဲ့သူ ဖြစ်ပါသည်။ ကြိုးဖုန်းနှင့် မိုဘိုင်း ဆက်သွယ်ရေးဝန်ဆောင်မှု များအား ပြည်သူများနှင့် စီးပွားရေး လုပ်ငန်းများထံ ဆောင်ရွက်ပေးလျက်ရှိပြီး၊ တစ်နိုင်ငံလုံးသို့ လွှမ်းခြုံထားသည့် အကြီး မားဆုံး 3G ကွန်ရက်ကို ပိုင်ဆိုင်ထားကာ မြန်မာနိုင်ငံ၏ အမြန်ဆုံးနှင့် အဆင့်အမြင့်ဆုံး MIMO 4X4 နည်းပညာ အသုံးပြု ထားသော LTE+ ကွန်ရက်ကိုလည်း ပိုင်ဆိုင် ထားပါသည်။

၂၀၁၄ ဇူလိုင်လတွင် MPT သည် KDDI Summit Global Myanmar (KSGM) နှင့် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အား လက်မှတ်ရေးထိုးခဲ့ပါသည်။ KSGM သည် ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်သူများ ဖြစ်ကြသည့် KDDI Corporation (KDDI) နှင့် Sumitomo Corporation (Sumitomo) တို့မှ ပိုင်ဆိုင်ထားခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအား အရှိန်မြှင့်တင်နိုင်ရန်အတွက် MPT အနေဖြင့် KDDI နှင့် Sumitomo တို့ ပူးပေါင်းပြီး ဆယ်နှစ်အတွင်း ဒေါ်လာ ၂ ဘီလျံ ရင်းနှီးမြှုပ်နှံကြရန် ရည်ရွယ်ခဲ့ကြပါသည်။ အဆိုပါဆောင်ရွက်ချက်မှာ မြန်မာနိုင်ငံသမိုင်းတွင် ဂျပန်နိုင်ငံ၏ အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံမှုများထဲမှ တခု ဖြစ်ခဲ့ပါသည်။

**Grand Guardian Nippon Life Insurance Co., Ltd.**
No(11-04, 11-05, 11-06)
11 floor, Crystal Tower,
Kyun Taw Street, Kamayut Township,Yangon, Myanmar.

T : 09 4000 8300 3, 09 4000 8300 4
E : customercare@gginipponlife.com
www.gginipponlife.com

MPT အနေဖြင့် ဝန်ထမ်းပေါင်း ၈ ထောင်ကျော်နှင့်အတူ KSGM နှင့် ပူးပေါင်းပြီး ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှုအား စဉ်ဆက်မပြတ် အားစိုက်ဆောင်ရွက်နေကာ တာဝန်သိမှုလူမှုအကျိုးပြုလုပ်ငန်း (Corporate Social responsibility) ဆိုင်ရာ တန်ဖိုးများအား လေးစားလိုက်နာလျက် မြန်မာနိုင်ငံအား ရှေ့သို့လှမ်းချီနိုင်စေရန် ဆောင်ရွက် လျက်ရှိပါသည်။ MPT အနေဖြင့် လက်ရှိတွင် သုံးစွဲသူ ၂၆ သန်းကျော်ကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

အခြားသောအချက်အလက်များနှင့် ပိုမိုတိကျသည့် စည်းမျဉ်းစည်းကမ်းများအတွက် www.mpt.com.mm သို့မဟုတ် www.facebook.com/mptofficialpage များတွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ လူငယ်ဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ်များနှင့်ပတ်သက်၍MPT၏လှူပ်ရှားမှုများအားပိုမိုသိရှိလိုပါကhttp://mptcsr.foc.lotayamm.com/mptyouthသို့သွားရောက်ပြီးသတင်းအချက်အလက်များစုံလင်စွာပါရှိသည့်ကော်ပိုရိတ်ဗီဒီယိုအားအခမဲ့ကြည့်ရှုနိုင်ပါသည်။

## GGI Nippon Life အကြောင်း

GGI သည် ၂၀၁၃ ခုနှစ်ကတည်းက မြန်မာ့အာမခံလုပ်ငန်းလောကမှာ ဂုဏ်သိက္ခာအရှိဆုံးဆိုတဲ့ နာမည်တစ်ခုကို တည်ဆောက်နိုင်ခဲ့တဲ့ အာမခံကုမ္ပဏီတစ်ခုပါ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူတစ်ဦးတစ်ယောက်ချင်းစီနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ငွေကြေးကိစ္စရပ်တွေ အဆင်ပြေချောမွေ့နေစေဖို့အတွက် အကာအကွယ်ပေးမယ့် အာမခံလုပ်ငန်းတွေကို လိုအပ်လာတယ်လို့ GGI က ထင်မြင်သုံးသပ်မိပါတယ်။ ဒါကြောင့် GGI အနေနဲ့ လူကြီးမင်းတို့ တန်ဖိုးအထားရဆုံး အရာတွေကို အကာအကွယ်ပေးမယ့် အထူးအာမခံ ဝန်ဆောင်မှု တွေပေးစွမ်းဖို့ ကြိုးစားနေတဲ့အတွက် လူကြီးမင်းတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ယုံကြည်ချက်ကိုလည်းရရှိစေမှာပါ။

GGI သည် ၂၀၁၉ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ အသက်အာမခံလုပ်ငန်းဈေးကွက်မှာ ဦးဆောင်နေတဲ့ Nippon Life နဲ့ လက်တွဲလိုက်ပြီဖြစ်ပါတယ်။ Nippon Life နဲ့ နိုင်ငံတကာအတွေ့အကြုံနဲ့ GGI ရဲ့ ပြည်တွင်းအတွေ့အကြုံတွေပေါင်းစပ်ပြီး အရည်အသွေးမြင့်အာမခံအမျိုးအစားသစ်တွေကို ဝန်ဆောင်မှုပေးသွားမှာ ဖြစ်လို့မိတ်ဆွေတို့ရဲ့ အနာဂတ်ဘဝကိုလုံခြုံ ကြွယ်ဝစေမှာအမှန်ပါ။

ကျွန်ုပ်တို့၏ ညီနောင်ကုမ္ပဏီ GGI Tokio Marine နှင့် အတူလက်တွဲပူးပေါင်းပြီးမြန်မာပြည်သူလူထုတွေရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ အရည်အသွေးမြင့် အာမခံပေါ်လစီ အမျိုးမျိုးကို ပွင့်လင်းမြင်သာမှုရှိရှိနဲ့ ထိရောက်စွာ ဝန်ဆောင်မှု ပေးနိုင်တဲ့အပေါ်ကျွန်ုပ်တို့ များစွာဂုဏ်ယူရပါသည်။ကျွန်ုပ်တို့ရဲ့ GGI Nippon Life ရုံးကမြန်မာနိုင်ငံအနှံ့မှာရှိပြီးခန့်အပ်ထားတဲ့ ကျွမ်းကျင်ဝန်ထမ်းတွေက သင့်ကို အကူအညီပေးဖို့အသင့်ရှိနေပါပြီ။

**Grand Guardian Nippon Life Insurance Co., Ltd.**
No(11-04, 11-05, 11-06)
11 floor, Crystal Tower,
Kyun Taw Street, Kamayut Township,Yangon, Myanmar.

T : 09 4000 8300 3, 09 4000 8300 4
E : customercare@gginipponlife.com
www.gginipponlife.com

ကျွန်ုပ်တို့ရဲ့ဝန်ဆောင်မှုပေးသည့်နေရာတွေကို https://www.gginipponlife.com ရဲ့ Office Location Page မှာဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ကျွန်ုပ်တို့ရဲ့ GGI Nippon Life အာမခံဝန်ဆောင်မှုများ ကိုသာမက ကျွန်ုပ်တို့၏ ညီနောင် ကုမ္ပဏီ GGI Tokio Marine မှတစ်ဆင့်လည်းအသက်အာမခံ ဝန်ဆောင်မှုများကို ဆက်သွယ်စုံစမ်း နိုင်ပါသည်။ ကျွန်ုပ်တို့ရဲ့ အာမခံဝန်ဆောင်မှုများ နှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက https://www.gginipponlife.com (သို့) https://www.facebook.com/gginl မှာဝင်ရောက်လေ့လာနိုင်ပါသည်။

**Media Contacts**

Grand Guardian Nippon Life Insurance Co.,Ltd
ဒေါ်နှင်းစိန်
ဒုတိယအမှုဆောင်အရာရှိချုပ်
E-mail : HninSein@gginipponlife.com

Mobile : (+95) 9255112822
(+95)95170763

**GGI Nippon Life, လုံခြုံကြွယ်ဝသင့်အနာဂတ်ဘဝ**